အောင်ပွဲကျင်းပခြင်းနှင့် တူလေရကား မည်သည့်
သူတော်စင်မဆို ဤလမ်းစဉ်ဖြင့် တက်၍ ထိုမဂ်,
ထိုဖိုလ်ကို ကိုယ်တိုင်ရအောင် ကြိုးစားနိုင်ကြပါစေ
သတည်း။

သဒ္ဓေါ သီလသုဒ္ဓါတော စ၊ သုသန္တုဋ္ဌ တိစီဝရော။
ဘူသိတော သေသဓုတေဟိ၊ တိက္ခဝိပဿနာဝုဓော။
ဂစ္ဆတေ သော အမတံ ပါရံ၊ ဆေတွာ မာရံ သဝါဟနံ။
(သဝါဟိနိံ-ဟုလည်း ပြင်ကြ၏။)

သဒ္ဓေါ၊ ရိုးသားဖြောင့်မတ် စိတ်ဓာတ်ကြည်လင် အစဉ်မြဲ ငြိမ်သက်သူလည်း ဖြစ်ထသော။ သီလသုဒ္ဓါတော စ၊ စတုပါရိ သုဒ္ဓိ ၄-ဖြာ သိက္ခာရေမိုးကို ချိုးပြီးလည်း ဖြစ်ပေထသော။ သုသန္တုဋ္ဌတိစီဝရော၊ တိစီဝရိက် သင်္ကန်းတည်းဟူသော ချပ်ပန်းမိန်ညိုကို စိုစိုပြေပြေ ဝတ်ဆင်ပြီးလည်း ဖြစ်ပေထသော။ သေသဓုတေဟိ၊ ကြွင်းကျန်အများ ဓုတင်တဆယ့်နှစ်ပါးတို့ဖြင့်။ ဘူသိတော၊ ကိုယ်လုံးမလပ် ရစ်ပတ်ပြုပြင် တန်ဆာဆင်အပ်ပြီးလည်း ဖြစ်ပေထသော။ သော ကုလပုတ္တော၊ ထိုအမျိုးကောင်းသား ယောကျ်ားကောင်းပီဘာနည်းမရှိ သာကီညွန့်သည်။ တိက္ခဝိပဿနာဝုဓော၊ ထက်မြက်လျင်မြန် အမြင်သန်သည့် ဝိပဿနာဉာဏ်စက် သန်လျက်ကို အချက်ကျစွဲကိုင်တော်မူပြီးလျှင်။ သဝါဟနံ၊ နောက်လိုက်နောက်ပါ ဝံယာထောင်သောင်း စစ်သည်အပေါင်းနှင့် တကွဖြစ်သော။ မာရံ၊ တထောင့်ငါးရာ ကိလေသာမာရ် သူပုန်ရန်ကို။ ဆေတွာ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကို အကုန်သတ်ညှဉ်း